သတင်းထုတ်ပြန်ချက်

FORTIFY RIGHTS

# မြန်မာနိုင်ငံရှိ ဒီမိုကရေစီလိုလားသော အင်အားစုများ အနေဖြင့် စစ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းသင့်

**Fortify Rights ၏ သင်တန်းအပြီးတွင် ကရင်နီတော်လှန်ရေးခေါင်းဆောင်များအနေဖြင့် စစ်အုပ်စု၏ စစ်ရာဇဝတ်မှုကျူးလွန်မှုများကို စုံစမ်းစစ်ဆေးမည့် ယန္တရားတစ်ခုကို ဖွဲ့စည်းတည်ထောင်သွားရန် တိုက်တွန်းလိုပါသည်။**

(ဘန်ကောက်၊ ဇူလိုင်လ ၁၅ ရက်နေ့၊ ၂၀၂၄)—မြန်မာနိုင်ငံရှိ ဒီမိုကရေစီလိုလားသော အဖွဲ့အစည်းများအနေဖြင့် စစ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းသင့်ကြောင်း Fortify Rights အဖွဲ့က ယနေ့တွင် အကြံပြုတိုက်တွန်းလိုက်သည်။ အဆိုပါအဖွဲ့များသည် ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် မြန်မာအာဏာသိမ်း စစ်အုပ်စု အပါအဝင် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမဆို စစ်ရာဇဝတ်မှုများနှင့် နိုင်ငံတကာလူ့အခွင့်အရေး ဆိုင်ရာဥပဒေ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများကို ပြင်းထန်စွာချိုးဖောက်ခဲ့သည်ဟုဆိုသော စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးရန်ဖြစ်သည်။ စစ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထူထောင်ရာတွင် တော်လှန်ရေးအင်အားစုများကို ကူညီပံ့ပိုးပေးရန် Fortify Rights အဖွဲ့အနေဖြင့် အဆင်သင့်ရှိနေသည်။

Fortify Rights အဖွဲ့က ကရင်နီပြည်နယ်တွင် ပြုလုပ်ခဲ့သည့် စစ်ပွဲဆိုင်ရာ ဥပဒေများနှင့် ရက်စက်ကြမ်းကြုတ်မှုများ မှတ်တမ်းတင်ခြင်းဆိုင်ရာ သင်တန်းများအပြီးတွင် စစ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ရပ် ဖွဲ့စည်းနိုင်ရေးကိစ္စအပေါ် စိတ်ဝင်စားမှုရှိကြောင်း ကရင်နီခေါင်းဆောင်များက Fortify Rights ထံ ပြောကြားခဲ့သည်။ ထို့အတူ ကရင်နီတပ်ဖွဲ့များအနေဖြင့်လည်း စစ်ပွဲဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာစောင့်ထိန်းသွားမည်ဖြစ်ကြောင်း ၎င်းတို့၏ သဘောထား ရပ်တည်ချက်ကို ထပ်လောင်း အတည်ပြုခဲ့သည်။

“ကျွန်တော်တို့ဟာ ကျွန်တော်တို့အဖွဲ့လုပ်ငန်းဆောင်ရွက်နေတဲ့ ဒေသတွေက လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေ ကိုယ်တိုင်ဦးဆောင်နေတဲ့ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်တာမို့ လက်နက်ကိုင်ပဋိပက္ခတွေမှာ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်း အားလုံးအနေနဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွေအောက်က သူတို့ရဲ့တာဝန်ဝတ္တရား တွေကို နားလည်သဘောပေါက်စေဖို့နဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို စုံစမ်းစစ်ဆေးနိုင်မယ့် ကျွမ်းကျင်မှုတွေ တိုးတက်လာစေရန် ကူညီပံ့ပိုးပေးဖို့ ဆန္ဒရှိပါတယ်” ဟု လက်နက်ကိုင်ပဋိပက္ခနယ်မြေများတွင် ဆယ်စုနှစ်ပေါင်း များစွာ လုပ်ကိုင်ခဲ့သည့် Fortify Rights ၏ အကြီးတန်းဒါရိုက်တာ Peter Bouckaert က ပြောသည်။ “ကရင်နီပြည်နယ်က သင်တန်းတက်ရောက်သူ တွေအကြားမှာ နိုင်ငံတကာလူ့အခွင့်အရေးနဲ့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဥပဒေစံနှုန်းတွေကို နားလည်သဘောပေါက်ပြီး လက်တွေ့ကျင့်သုံးလိုသည့် ပြင်းပြသော ခံယူချက်များရှိတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ကရင်နီဒေသအပါအဝင် နိုင်ငံတစ်ဝန်းက တော်လှန်ရေး အဖွဲ့အစည်းအားလုံးအနေနဲ့ သူတို့ရဲ့ အုပ်ချုပ်ရေးယန္တရားတွေအောက်မှာ စစ်ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့တွေ ကို ဖွဲ့စည်းရမယ့်အချိန်ဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပြီး ဒါကို လက်တွေ့ဖြစ်လာအောင် ကူညီပေးဖို့ လည်း အဆင်သင့်ရှိနေပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

Fortify Rights အနေဖြင့် မြန်မာနိုင်ငံရှိ ဒီမိုကရေစီလိုလားသောအဖွဲ့အစည်းများအားလုံး သီးခြားလွတ်လပ်သော စစ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြရန် အကြံပြုတိုက်တွန်းထားပြီး စစ်ပွဲဆိုင်ရာဥပဒေ များကို လိုက်နာစောင့်ထိန်းရန် ကတိကဝတ်ပြုထားသည့် မည်သည့်အဖွဲ့အစည်းကိုမဆို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် သင်တန်းများ ပေးအပ်သွားရန် အဆင်သင့်ရှိနေပါကြောင်း အသိပေးအပ်ပါသည်။ အဆိုပါ စုံစမ်းစစ်ဆေးရေးအဖွဲ့များအနေဖြင့် စစ်ဘက်ဆိုင်ရာ အမိန့်ပေးကွပ်ကဲမှုစနစ်များအောက်တွင် မရှိစေဘဲ သီးခြား လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် မြန်မာ့ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် မည်သည့် အဖွဲ့အစည်းမဆို၊ စွပ်စွဲခံရသူ၏ ရာထူးအဆင့်အတန်း မည်မျှပင် မြင့်မားစေကာမူ ချိုးဖောက်မှုစွပ်စွဲချက်များ အားလုံးကို ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ စုံစမ်းစစ်ဆေးခွင့်ရှိရန် လိုအပ်ပါသည်။

Fortify Rights အဖွဲ့က မကြာသေးမီက ပြုလုပ်ခဲ့သည့် သင်တန်းများအကြောင်းကို အခြေခံထားသည့် ရုပ်ရှင်တိုအသစ်တစ်ပုဒ်အား ယနေ့တွင် ထုတ်ပြန်လိုက်သည်။ ၎င်းရုပ်ရှင်တိုတွင် သင်တန်းတက်ရောက်သူများ၏ မှတ်ချက်များနှင့်အတူ ကရင်နီပြည်နယ်အတွင်းရှိ ဒေသများနှင့် တော်လှန်ရေးအဖွဲ့များ ထိန်းချုပ်ရာနယ်မြေများသို့ သွားရောက်ရန် ခက်ခဲကြမ်းတမ်းခဲ့သည့် ခရီးစဉ်များအပါအဝင် အခြားသော လုပ်ငန်းခွင်ဆိုင်ရာ ဖြစ်ရပ်များကို ပုံဖော်ပြသထားသည်။




**ရုပ်ရှင်တိုကို ကြည့်ရှုရန် ဓာတ်ပုံကို နှိပ်ပါ။**

ကရင်နီပြည်တော်လှန်ရေးအစိုးရ၏ အရပ်ဘက်အုပ်ချုပ်ရေးယန္တရားဖြစ်သော ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ၏ ဖိတ်ကြားချက်အရ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF)၊ ကရင်နီတပ်မတော် (KA) နှင့် ကရင်နီပြည်သူ့လွတ်မြောက်ရေးတပ်မတော် (KPLA) တို့အတွက် လူ့အခွင့်အရေးနှင့် စစ်ပွဲဆိုင်ရာဥပဒေ များအပေါ်အခြေခံသော သင်တန်းများကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ မတ်လတို့တွင် ပြုလုပ်ခဲ့ ကြောင်း Fortify Rights က ယနေ့တွင် ထုတ်ပြန်ပြောကြားလိုက်သည်။

အဆိုပါသင်တန်းများကို ကရင်နီပြည်နယ်အတွင်းရှိ လုံခြုံစိတ်ချရသော နေရာများတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး စစ်ပွဲ ဆိုင်ရာဥပဒေများနှင့် လူ့အခွင့်အရေးများအား လိုက်နာစောင့်ထိန်းမှု၊ လက်နက်ပစ္စည်း အမျိုးအစား ခွဲခြားခြင်း၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် စစ်ရာဇဝတ်မှုများကို မှတ်တမ်းတင်ရန် သက်သေအထောက် အထားများ ထိန်းသိမ်းခြင်းတို့အပေါ် အဓိကထား ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် တော်လှန်ရေးတပ်ဖွဲ့များအနေဖြင့် စစ်ပွဲဆိုင်ရာဥပဒေများအောက်တွင် ၎င်းတို့ကိုယ်တိုင် လိုက်နာရမည့် တာဝန်ဝတ္တရားများကိုလည်း အဆိုပါ သင်တန်းများတွင် ပို့ချခဲ့သည်။

အဆိုပါသင်တန်းများသို့ KNDF၊ KA နှင့် KPLA တို့အပါအဝင် ကရင်နီတော်လှန်ရေးအဖွဲ့အစည်းများမှ စစ်ကြောင်းမှူးများနှင့် ရဲဘော်ဦးရေ ဆယ်ဂဏန်းကျော် တက်ရောက်ခဲ့ကြသည်။ ယင်းသင်တန်းများတွင် စစ်ဘက်ဆိုင်ရာ

ပစ်မှတ်များနှင့် အရပ်သားပြည်သူများအကြား စနစ်တကျခွဲခြားသတ်မှတ်ခြင်း၊ အချိုးညီမျှတစွာ တုံ့ပြန်ဆောင်ရွက် ခြင်း၊ အမိန့်ပေးကွပ်ကဲသူ၏ တာဝန်ယူမှုနှင့် လူ့အခွင့်အရေးဥပဒေဆိုင်ရာ သဘောတရားများကို မျှဝေပို့ချခဲ့သည်။ ထို့အပြင် သက်သေအထောက်အထားများ ကောက်ယူခြင်း၊ သက်သေခံပစ္စည်းများ အဆင့်ဆင့်လွှဲပြောင်းထိန်းသိမ်း ခြင်း (Chain-of-custody) နှင့် သဘောတူညီချက်ရယူကာ လူတွေ့မေးမြန်းခြင်း စသည့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့်အတူ ပြစ်မှုများကို မှတ်တမ်းတင်နိုင်ရန် လက်နက်ပစ္စည်းအမျိုးအစား ခွဲခြားခြင်းနှင့် နိုင်ငံတကာတာဝန်ခံမှု၊ တာဝန်ယူမှုဆိုင်ရာ ယန္တရားများကိုပါ ပြည့်ပြည့်စုံစုံ ထည့်သွင်းဆွေးနွေး ပို့ချခဲ့သည်။

နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ပိုမိုလိုက်နာစောင့်ထိန်းခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်းဖြင့် အရပ်သားများ ထိခိုက်နစ်နာမှုကို လျှော့ချပေးနိုင်သည့်အပြင် ရက်စက်ကြမ်းကြုတ်မှုဆိုင်ရာ သက်သေအထောက်အထားများကို ထိန်းသိမ်းနိုင်ပြီး နောင်တွင် တာဝန်ခံမှု၊ တာဝန်ယူမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း Fortify Rights က ပြောကြားထားသည်။

“ကျွန်တော်တို့ရဲ့ တော်လှန်ရေးတိုက်ပွဲရဲ့ အဓိက အနှစ်သာရဟာ တိုင်းရင်းသားလူမျိုးအားလုံး မိမိတို့ရဲ့အခွင့်အရေး တွေကို လေးစားလိုက်နာမှုခံရပြီး၊ ငြိမ်းငြိမ်း ချမ်းချမ်းနဲ့ နေထိုင်သွားနိုင်မယ့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ် တစ်ရပ် ပေါ်ထွန်းလာဖို့ပဲ ဖြစ်ပါတယ်” ဟု IEC ၏ ဒုတိယဥက္ကဋ္ဌနှင့် KNDF ၏ ဥက္ကဋ္ဌ ခွန်းဘီထူးက ပြောကြားခဲ့သည်။ “ကျွန်တော်တို့ရဲ့ တပ်ဖွဲ့ဝင်တွေအနေနဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေကို လေးစားလိုက်နာနိုင်မယ့် စွမ်းဆောင်ရည်တွေ ပိုမိုမြင့်မားလာစေဖို့အပြင် မြန်မာစစ်အုပ်စုက ကျွန်တော်တို့ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို စုံစမ်းစစ်ဆေးပြီး မှတ်တမ်းတင်နိုင်ဖို့ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းပို့ချခြင်းအတွက် Fortify Rights နဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ရတာကို ဝမ်းမြောက်စွာ ကြိုဆိုပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

“ဘောဘောထူး” (အမည်လွှဲ) သည် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ၏ ကာကွယ်ရေးဌာနမှ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းက Fortify Rights သို့ ယခုလို ပြောကြားခဲ့သည် -

> “ကျွန်မ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၃၀ စလုံးနဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေကို သေသေချာချာလေ့လာခဲ့ရပါတယ်။ ပြီးတော့ သတင်းအချက်အလက်တွေကို စနစ်တကျ မှတ်တမ်းတင်တာကနေ ဘေးကင်းအောင် ဘယ်လိုသိမ်းရမလဲဆိုတဲ့ မှတ်တမ်းပြုစုနည်း အဆင့်ဆင့်ကိုလည်း သင်ယူခဲ့ရသလို၊

လက်နက်အမျိုးအစားတွေကို ခွဲခြားဆန်းစစ်ပြီး ဓာတုဓာတ်ငွေ့ ပါ၊ မပါ ခွဲခြားတာမျိုးအထိပါ တတ်မြောက်ခဲ့ပါတယ်။"

ပထမအကြိမ် သင်တန်းဆင်းတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းမည့် "အမြဲတမ်း သီးခြားလွတ်လပ်သော စစ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့" ပေါ်ပေါက်လာစေရန် Fortify Rights က IEC ထံ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးရန် ကမ်းလှမ်းထားသည်။ ထို့ပြင် IEC၊ KNDF နှင့် ကရင်နီလက်နက်ကိုင်အဖွဲ့များကလည်း ၎င်းတို့၏ တပ်ဖွဲ့ဝင်များအတွက် စစ်ပွဲဆိုင်ရာဥပဒေ၊ လူ့အခွင့်အရေးစံနှုန်းနှင့် စုံစမ်းစစ်ဆေးရေးကျွမ်းကျင်မှု နောက်ဆက်တွဲသင်တန်း များ ပို့ချပေးရန် တောင်းဆိုထားကြသည်။ သို့ဖြစ်ရာ Fortify Rights အနေဖြင့် ဤလုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာရေး အထောက်အပံ့များကို ရှာဖွေလျက်ရှိသည်။

ထို့အပြင် ၂၀၂၆ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် Fortify Rights က IEC နှင့် KNDF ထံသို့ တရားဝင်စာတစ်စောင် ပေးပို့ခဲ့သည်။ ယင်းစာတွင် စစ်ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခု ဖွဲ့စည်းရန် အကြံပြုထားပြီး၊ စစ်ပွဲဆိုင်ရာ ဥပဒေများကို လိုက်နာလျက် အရပ်သားပြည်သူများကို စစ်ရာဇဝတ်မှုဘေးမှ ဆက်လက်ကာကွယ်စောင့်ရှောက်သွားရန် တိုက်တွန်းထားသည်။

ကရင်နီပြည်နယ်အတွင်းရှိ ဒီမိုကရေစီလိုလားသော အင်အားစုများအနေဖြင့် ပြည်နယ်အဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) အပြင် အခြားသော အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားသင့်သည်။

မြန်မာအာဏာသိမ်းစစ်အုပ်စုက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လူသေဆုံးမှုများပြားခဲ့သည့် အာဏာသိမ်းမှုကို လုပ်ဆောင်ခဲ့ပြီးနောက်ပိုင်း ကရင်နီပြည်နယ်တွင် လူဦးရေ ခန့်မှန်းခြေ ၂၅၀,၀၀၀ ခန့် အဝေးမှနေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရကြောင်း IEC ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စီမံခန့်ခွဲရေးဌာနအရသိရသည်။ ထို့ကြောင့် ကရင်နီပြည်နယ်သည် မြန်မာနိုင်ငံတွင် စစ်ဘေးဒုက္ခသည် အများဆုံး နေရပ်စွန့်ခွာရသည့် ဒေသတစ်ခု ဖြစ်လာခဲ့ သည်။

ကချင်နှင့် ကရင်နီပြည်နယ်အတွင်းရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် စစ်ဘေးဒုက္ခသည်စခန်းများအပါအဝင် အရပ်သား များနှင့် အရပ်ဘက်အဆောက်အအုံများကို ထိခိုက်ပျက်စီးစေခဲ့သည့် မြန်မာစစ်အုပ်စု၏

လေကြောင်းတိုက်ခိုက်မှု များကို Fortify Rights က မှတ်တမ်းတင်ထားသည်။ ထို့အပြင် ကရင်နီပြည်နယ်နှင့် ကရင်နီ-ရှမ်းနယ်စပ် တစ်လျှောက်တွင် အရပ်သားများနှင့် အခြေခံအဆောက်အအုံများအပေါ် စနစ်တကျ တရားမဝင် ဆက်တိုက် တိုက်ခိုက်နေသည့် နောက်ထပ်လေကြောင်းတိုက်ခိုက်မှုများကိုလည်း Fortify Rights က ဖော်ထုတ်မှတ်တမ်းတင် ထားသည်။

၂၀၂၆ ခုနှစ်တွင် ကရင်နီပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းခွင်သုံး မြေယာများ အပေါ် မြန်မာစစ်အုပ်စုက မတရားဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက် ခြင်းများ အပါအဝင် စစ်အုပ်စု၏ တိုက်ခိုက်မှုများကို Fortify Rights က မှတ်တမ်းတင်ထားသည်။

Fortify Rights က တွေ့ဆုံမေးမြန်းခဲ့သည့် ဒေသခံပြည်သူအများစုက KNDF နှင့် အခြားသော ကရင်နီ တော်လှန်ရေးတပ်ဖွဲ့များကို စစ်အုပ်စု၏ တိုက်ခိုက်မှုများရန်မှ ကာကွယ်ပေးသူများအဖြစ် မကြာခဏ ဖော်ပြပြော ဆိုကြသည်။ သို့သော်ငြားလည်း ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းအားလုံးသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို လိုက်နာရန် တာဝန်ရှိနေဆဲဖြစ်ပြီး သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးမှုများကို ခံယူသင့်သည်။

မြန်မာစစ်အုပ်စုကို တော်လှန်နေသည့် ၎င်းတို့တိုက်ပွဲ၏ အဓိကဗဟိုချက် ပန်းတိုင်မှာ အရပ်သားပြည်သူများ၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း KNDF၊ KA နှင့် KPLA တို့မှ အကြီးတန်းတာဝန်ရှိသူများ က Fortify Rights သို့ ပြောကြားခဲ့သည်။

စစ်အုပ်စုသည် ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အစောပိုင်းတို့တွင် အတုအယောင်ရွေးကောက်ပွဲများကို ပြုလုပ်ခဲ့ပြီး နိုင်ငံတကာစင်မြင့်ထက်တွင် နိုင်ငံရေးအရ တရားဝင်မှုရရှိရန် အသည်းအသန် ကြိုးပမ်းလျက် ရှိသည်။ ကမ္ဘာ့အစိုးရ များအနေဖြင့် တရားမဝင်စစ်အုပ်စုကို နိုင်ငံရေးအရ အသိအမှတ်ပြုခြင်း သို့မဟုတ် စီးပွားရေးအရ ပူးပေါင်း ဆောင်ရွက်ခြင်း အပါအဝင် မည်သည့်ပုံစံမျိုးဖြင့်မဆို ပံ့ပိုးကူညီခြင်းဖြင့် ၎င်းတို့အား တရားဝင်မှု မပေးသင့်ကြောင်း Fortify Rights က ပြောကြားသည်။ ယင်းအစား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေဖြင့် အရပ်သားပြည်သူများကို ကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီလိုလားသော တော်လှန်ရေးအင်အားစုများ၊ လူထုအခြေပြု လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းများနှင့် လက်ရှိကျူးလွန်နေသော အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုဆိုင်ရာ ပြစ်မှုများအတွက် နိုင်ငံတကာ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေရေး လုပ်ငန်းစဉ်များ တွင် ပံ့ပိုးကူညီမှုများကို တိုးမြှင့်ပေးသင့်သည်။

“ကမ္ဘာတစ်ဝန်းက အစိုးရတွေအနေနဲ့ တရားမဝင် မြန်မာစစ်အုပ်စုကို ငြင်းပယ်ပြီး စစ်အာဏာရှင်စနစ်အောက်ကနေ ရုန်းထွက်နေတဲ့ IEC နဲ့ ကရင်နီပြည်သူတွေရဲ့ အောက်ခြေလူထုအခြေပြု အုပ်ချုပ်ရေးယန္တရားကို ပံ့ပိုးကူညီသင့်ပါတယ်” ဟု Peter Bouckaert က ပြောသည်။ ၎င်းက ဆက်လက်၍ “ကရင်နီ IEC အစိုးရဟာ ပြည်သူတွေရဲ့ မျှော်မှန်းချက်တွေကို ထင်ဟပ်စေမယ့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတော်ကို တည်ဆောက်ဖို့ အလေးအနက် ဆောင်ရွက်နေတာပါ။ ဒီမျှော်မှန်းချက် အကောင်အထည်ပေါ်လာဖို့အတွက် ၎င်းတို့အပြင် အခြားတော်လှန်ရေးအင်အားစုတွေကိုပါ ကူညီပံ့ပိုးပေးဖို့ ကျွန်တော်တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ အသင့်ရှိပါ တယ်” ဟု ပြောကြားသည်။

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**


**Peter Bouckaert**

Senior Director

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်နှင့် ပြင်သစ်

+22 177 570 7764 (WhatsApp)

**အီးမေးလ်** - Peter.Bouckaert@FortifyRights.org

**တွစ်တာ/X** - @Bouckap, @FortifyRights

**John Quinley III**

Director

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (Signal, Whatsapp)

**အီးမေးလ်** - John.Quinley@FortifyRights.org

**တွစ်တာ/X** - @John_hq3, @FortifyRights

**Matthew Smith**

Chief Executive Officer (အမှုဆောင်အရာရှိချုပ်**)**

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)

+1 202 503 8032 (U.S.)

**အီးမေးလ်** - Matthew.Smith@FortifyRights.org

**တွစ်တာ/X -** @MatthewFSmith, @FortifyRights